# တန်ဇန်းနီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်းလေ့လာတင်ပြခြင်း

စာတမ်းပြုစုတင်ပြသူ-

ဦးကျော်လင်းအောင်
ဦးစီးအရာရှိ
ဥပဒေဌာနခွဲ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

# မာတိကာ


၁။ နိဒါန်း

၂။ နိုင်ငံ့သမိုင်းကြောင်း

၃။ ၁၉၇၇ ခုနှစ် တန်ဇန်းနီးယားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ

၄။ အစိုးရဖွဲ့စည်းပုံ

၅။ ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့

၆။ ဥပဒေပြုရေး

၇။ တရားစီရင်ရေး

၈။ အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ပိုင်ခွင့်

၉။ တရားရုံးလုပ်ထုံးလုပ်နည်း

၁၀။ နိဂုံး

၁၁။ ရည်ညွှန်းကိုးကားချက်များ

# တန်ဇန်းနီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်းလေ့လာတင်ပြခြင်း

## နိဒါန်း

၁။ တန်ဇန်းနီးယားသမ္မတနိုင်ငံသည် အာဖရိကတိုက်အရှေ့ပိုင်းတွင် တည်ရှိပြီး မြောက်ဘက်တွင် ဘူရမ်ဒီနိုင်ငံ၊ ရာဝမ်နိုင်ငံ၊ ယူဂမ်ဒါနိုင်ငံနှင့် ကင်ညာနိုင်ငံ၊ အရှေ့ဘက်တွင် အိန္ဒိယသမုဒ္ဒရာ၊ တောင်ဘက်တွင် မိုဇမ်းဘစ်နိုင်ငံ၊ မော်လဝီနိုင်ငံ၊ ဇမ်ဘီယာနိုင်ငံ၊ အနောက်ဘက်တွင် ကွန်ဂိုနိုင်ငံတို့နှင့် နယ်နမိတ်ချင်းထိစပ်နေပါသည်။ နိုင်ငံ၏ မြို့တော်မှာ ဒိုဒိုမာမြို့ဖြစ်ပြီး အကြီးဆုံးမြို့မှာ ဒါအစ်စလန်မြို့ ဖြစ်ပါသည်။

၂။ နိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၉၄၇၃၀၃ (၃၆၅၇၅၆ စတုရန်းမိုင်) မျှရှိသဖြင့် ကုန်းမြေဧရိယာအားဖြင့် ကမ္ဘာပေါ်တွင် ၃၁ နိုင်ငံမြောက် အကြီးဆုံးနိုင်ငံဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဧရိယာအကျယ်အဝန်းထက် စတုရန်းမိုင် ၁ သိန်းခန့် ပိုမိုကျယ် ဝန်းပါသည်။ သုံးစွဲသောငွေကြေးမှာ ရှီလင်(Shilling) ဖြစ်ပါသည်။ လူဦးရေ (၆၃) သန်းကျော်ရှိသဖြင့် ကမ္ဘာပေါ်တွင် ၂၄ နိုင်ငံမြောက် လူဦးရေအများဆုံး နိုင်ငံဖြစ်ပါသည်။ နိုင်ငံလူဦးရေ၏ ၆၃ ရာခိုင်နှုန်းသည် ခရစ်ယာန်ဘာသာနှင့် ၃၄ ရာခိုင်နှုန်းသည် မွတ်ဆလင် ဘာသာဝင်များဖြစ်ပြီး ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဘာသာမဲ့နှင့် ဂျူးဘာသာဝင်များလည်း ရှိကြပါသည်။



## နိုင်ငံ့သမိုင်းကြောင်း

၃။ တန်ဇန်းနီးယားသမ္မတနိုင်ငံသည် ၁၉၆၄ ခုနှစ်တွင် လွတ်လပ်သော ပြည်နယ်နှစ်ခုဖြစ်သည်။ တန်ဂနီကာသမ္မတနိုင်ငံနှင့် ဇမ်ဇီဘာပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းဖွဲ့စည်းခဲ့သည်။ ဇမ်ဇီဘာသည် နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာရှိ နိုင်ငံ၏ ရေပြင်ပိုင်နက်တွင် တွေ့ရှိရသော Unguja (Zanziber Island) နှင့် Pemba ကျွန်းနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ တန်ဇန်းနီးယား၏ အရှေ့တောင်ဘက်ရှိ အခြားကျွန်းများဖြစ်သော မာဖီးယားသည် တန်ဇန်းနီးယား၏ အဓိကအစိတ် အပိုင်းတစ်ခုဖြစ်သည်။

၄။ တန်ဂနီကာသည် ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံအား အုပ်ချုပ်ခဲ့သော ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် သမ္မတနိုင်ငံဖြစ်လာခဲ့သည်။ ဇမ်ဇီဘာသည် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးမရမီက အာရပ်စူလတန်နိတ်အစိုးရသည် ဇမ်ဇီဘာအစိုးရကို ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လူထုတော်လှန်ရေးဖြင့် ဖြုတ်ချခဲ့ပြီး ဇမ်ဇီဘာအစိုးရတော်လှန်ရေးကို ဖြစ်ပေါ်စေခဲ့သည်။

၅။ တန်ဂနီကာသမ္မတနိုင်ငံနှင့် ဇမ်ဇီဘာသမ္မတနိုင်ငံတို့သည် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် တန်ဂနီကာနှင့် ဇမ်ဇီဘာသမ္မတနိုင်ငံတို့ကို စုစည်းတည်ထောင်ခဲ့ပြီးနောက်ပိုင်း ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် တန်ဇန်းနီးယားသမ္မတနိုင်ငံဟု အမည်ပြောင်းခဲ့သည်။

၆။ တန်ဇန်းနီးယားသမ္မတနိုင်ငံသည် ၁၉၉၂ ခုနှစ်အထိ ပါတီစုံစနစ်၏ ဦးဆောင်မှုအောက်တွင်ရှိပြီး မတူကွဲပြားသော နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်နိုင်စေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ချမှတ်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် နိုင်ငံတွင်း ပထမဆုံးပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ၁၉၉၅ ခုနှစ်မှစတင်၍ ၂၀၀၀၊ ၂၀၀၅ နှင့် ၂၀၁၀ ခုနှစ်များတွင် ပါတီစုံရွေးကောက်ပွဲများ ကျင်းပခဲ့ပါသည်။

## ၁၉၇၇ခုနှစ်တန်ဇန်းနီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ

၇။ ပထမကမ္ဘာစစ်အတွင်း၌ ဗြိတိန်သည် တန်ဇမ်းရီးကားနယ်မြေကို သိမ်းပိုက်ခဲ့ပြီး ၁၉၉၂ ခုနှစ်ဇူလိုင်လ ၂၂ ရက်နေ့တွင် ၎င်းနယ်မြေအား နိုင်ငံပေါင်းချုပ်အသင်းကြီး၏ လုပ်ပိုင်ခွင့်အရ ဗြိတိသျှပိုင်နယ်မြေတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် အဆိုပါဒေသသည် ဗြိတိသျှထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေ ဖြစ်လာခဲ့သည်။ ၁၉၅၄ ခုနှစ်တွင်

တန်ဇမ်းရီးကား ခေါင်းဆောင် Julius K. Nyerere ဆိုသူပေါ်ထွက်လာပြီး အာဖရိကန် ပြည်ထောင်စုကို တည်ထောင်၍ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့သည်။

၈။ ၁၉၆၁ ခုနှစ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် တန်ဇမ်းရီးကားနယ်မြေသည် ဗြိတိသျှ ဓန သဟာယ အဖွဲ့ဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်ငံ ဖြစ်လာခဲ့ပြီး ဒုတိယမြောက်အဲလိစဘက် ဘုရင်မ သည် နိုင်ငံအကြီးအကဲ ဖြစ်လာသည်။ သက်ဦးဆံပိုင်ဘုရင်စနစ်အစား သမ္မတ အုပ်ချုပ်သော စနစ်ကို အစားထိုးကျင့်သုံး၍ ၁၉၆၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ်တွင် အစားထိုး ပြင်ဆင်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဇမ်ဇီဘာနယ်မြေသည်လည်း ဆူလ်တန်အုပ်ချုပ်သော လွတ်လပ်ပြီး စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည့်နိုင်ငံ ဖြစ်လာခဲ့သည်။ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဆူလ်တန်အုပ်ချုပ်မှုကျဆုံးခဲ့ပြီးနောက် ဇမ်ဇီဘာ နယ်မြေသည် သမ္မတစနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံအဖြစ် တရားဝင်ကြေညာခဲ့သည်။ ၁၉၆၄ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် နယ်မြေအားလုံးကို စုစည်းပြီး တန်ဇန်းနီးယား ပြည်ထောင်စုအဖြစ် ထူ ထောင်ခဲ့သည်။

၉။ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် တန်ဇန်းနီးယားသည် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၇ ခုနှစ်ဧပြီလ ၂၆ ရက်နေ့တွင် ယင်းကြားဖြတ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လွှမ်းမိုးပြဋ္ဌာန်းခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဇမ်ဇီဘာဒေသန္တရအစိုးရသည် ၎င်း၏နယ်မြေတွင်း အုပ်ချုပ်စီမံခန့်ခွဲရေးအတွက် သီးသန့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ်တွင် တစ်ပါတီစနစ်ကို ကျင့်သုံးရန် သမ္မတ Nyerere က သဘောတူညီခဲ့ပြီး ထိုစနစ်သည် ၁၉၈၅ ခုနှစ်တွင် အာဏာသက်ရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ် တွင် ပါတီစုံရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ တန်ဇန်းနီးယားပြည်မတွင် နိုင်ငံရေးအခြေ အနေတည်ငြိမ်သော်လည်း ဇမ်ဇီဘာလူမျိုးများသည် ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲကာလအတွင်း ဆန္ဒပြမှုများကြောင့် နိုင်ငံမှာ မတည်မငြိမ်ဖြစ်ခဲ့သည်။ တန်ဇန်းနီးယား သမ္မတနိုင်ငံ၏ ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၅ ခုနှစ်တွင်ပြင်ဆင်ခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၅ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ထပ်မံပြင်ဆင်ခဲ့သည်။ နိုင်ငံတော်သမ္မတကို အုပ်ချုပ်ရေး အာဏာ အပြည့်အဝ အပ်နှင်း ထားသော်လည်း တန်ဇန်းနီးယား သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ဗြိတိသျှပါလီမန် စနစ်အုပ်ချုပ်ရေးကို အခြေခံထား သည်။

**အစိုးရဖွဲ့စည်းပုံ**

၁၀။ တန်ဇန်းနီးယားသမ္မတနိုင်ငံသည် ပါတီစုံပါလီမန်ဒီမိုကရေစီကို အခြေခံသော တစ်ပြည် ထောင်နိုင်ငံဖြစ်ပါသည်။ တန်ဇန်းနီးယားအစိုးရသည် ၁၉၉၂ ခုနှစ်တွင် အတိုက်အခံနိုင်ငံရေး

ပါတီများ တည်ထောင်ခွင့်ပြုရေး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စတင်ခဲ့သည်။

၁၁။ တန်ဇန်းနီးယားသမ္မတနိုင်ငံအစိုးရသည် ပြည်ထောင်စုကိစ္စရပ်များအားလုံးအပေါ် အခွင့်အာဏာရှိပြီး ဇမ်ဇီဘာတော်လှန်ရေးအစိုးရသည် ပြည်ထောင်စုကိစ္စမဟုတ်သည့် ဇမ်ဇီဘာ၏ ကိစ္စရပ်များ အားလုံးကို လုပ်ပိုင်ခွင့်အာဏာ ရှိသည်။

**အုပ်ချုပ်ရေး**

၁၂။ နိုင်ငံတော်၏ အုပ်ချုပ်ရေးတွင် သမ္မတ၊ ဒုတိယသမ္မတ၊ ဇမ်ဇီဘာအကြီးအကဲ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများပါဝင်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲ၊ အစိုးရအကြီးအကဲနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖြစ်သည်။

၁၃။ နိုင်ငံတော်သမ္မတ၏ အရည်အချင်းများမှာ မွေးရာပါ တန်ဇန်းနီးယားနိုင်ငံသားဖြစ်ရမည်။ အသက် ၄၀ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ နိုင်ငံရေးပါတီက အမည်စာရင်းတင်သွင်းသူဖြစ်ရမည်။ လွှတ်တော် (ပါလီမန်) ကိုယ်စားလှယ် သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထား သည့် အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်သည်။

၁၄။ နိုင်ငံတော်သမ္မတအဖြစ် ပြန်လည်အရွေးခံပိုင်ခွင့်တွင် နိုင်ငံတော်သမ္မတအဖြစ် နှစ်ကြိမ်ထက်ပို၍ အရွေးခံပိုင်ခွင့် မရှိပေ။ နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်ပြီး နိုင်ငံတော်သမ္မတရွေးကောက်ပွဲ ကျင်းပရန် လိုအပ်ပါက နိုင်ငံတော်သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီတိုင်းသည် ရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ၎င်း၏ အဖွဲ့ဝင်တစ်ဦး၏ အမည်ဖြင့် လွှတ်တော် (ပါလီမန်)သို့ တင်ပြရမည်။ နိုင်ငံတော်သမ္မတ၏ သက်တမ်းမှာ လွှတ်တော်၏ သက်တမ်းနှင့်အညီ (၅)နှစ် ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် အစိုးရအဖွဲ့၊ ဌာနအဖွဲ့အစည်းများကို ဖွဲ့စည်းခြင်းနှင့် ဖျက်သိမ်းခြင်း၊ အစိုးရဌာနများတွင် မူဝါဒများချမှတ်ပေးသည့် အစိုးရဌာနအကြီးအကဲများ၊ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲများကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းစသည့် အခွင့်အာဏာများ ရှိသည်။ နိုင်ငံတော်သမ္မတသည် စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် ရာဇဝတ်မှုနှင့် တရားမဆိုင်ရာ တရားစွဲဆိုခြင်းများတွင် ကင်းလွတ်ခွင့်ပေးခြင်းစသော အခွင့်အရေးများ ရှိသည်။

**ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့**

၁၅။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကို ၎င်းတာဝန်ယူပြီး ၁၄ ရက်အတွင်း ခန့်အပ် ရသည်။ ဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ နိုင်ငံတော်အစိုးရ၏ နေ့စဉ်လုပ်ငန်း တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအား ထိန်းချုပ်ခြင်း၊

ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရမည့်အပြင် အစိုးရစီးပွားရေးကို ဦးဆောင်လုပ်ကိုင်ရမည်။ ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်ညွှန်ကြားသည့် ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၆။ အစိုးရအဖွဲ့တွင် ဒုတိယသမ္မတ၊ ဇမ်ဇီဘာဒေသအကြီးအကဲ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ပါဝင်ပြီး နိုင်ငံတော်သမ္မတသည် အစိုးရအဖွဲ့အစည်းအဝေးများကို ကြီးကြပ်ရမည်။ အစိုးရအဖွဲ့၏ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကို နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ခန့်အပ်ရမည်ဖြစ်သည်။ ဝန်ကြီးများသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

**ဥပဒေပြုရေး**

၁၇။ တန်ဇန်းနီးယားသမ္မတနိုင်ငံ လွှတ်တော်တွင် နိုင်ငံတော်သမ္မတ၏ ကဏ္ဍနှင့် အမျိုးသားလွှတ်တော်ဟူ၍ အပိုင်း ၂ ပိုင်းပါဝင်သည်။ လွှတ်တော်တွင် မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များ၊ ၃၀ ရာခိုင်နှုန်းထက်မနည်းသော အမျိုးသမီးကိုယ်စားလှယ်များ၊ ဇမ်ဇီဘာဒေသမှ ကိုယ်စားလှယ် ၅ ဦးနှင့် ရှေ့နေချုပ်တို့ပါဝင်သည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်များ မဟုတ်ကြပေ။ သို့သော် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် လုပ်ပိုင်ခွင့်အာဏာအရ လွှတ်တော်အစည်းအဝေးများတွင် ပါဝင်ခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများကို “နိုင်ငံသားဖြစ်ရမည်၊ အသက် ၂၁ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ သို့မဟုတ် Kiswahili ဘာသာစကားရေးနိုင် ဖတ်နိုင်ရမည်။ နိုင်ငံရေးပါတီမှ အမည်စာရင်းတင်သွင်းသူဖြစ်ရမည်။” ဟုသတ်မှတ်ထားသည်။ အပိုဒ် ၁၀၀ တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏ ထင်မြင်ယူဆချက်များ၊ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တရားစွဲခြင်းမှ ကင်းလွတ်ခွင့် ရရှိသည်။

၁၈။ လွှတ်တော်တွင် နာယကနှင့် ဒုတိယနာယကတို့ကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်သည်။ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။ ဥပဒေကြမ်းများသည် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ရရှိမှသာ ဥပဒေဖြစ်လာသည်။ သို့သော် နိုင်ငံတော်သမ္မတထံမှ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းကို သုံးပုံနှစ်ပုံထက်မနည်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံမဲဖြင့် နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့နိုင်သည်။ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းကို ထပ်မံ၍ သဘောမတူပါက သမ္မတသည် လွှတ်တော်ကို ဖျက်သိမ်းနိုင်သည်။ ဥပဒေကြမ်းများကို ဥပဒေအဖြစ် အတည်ပြုဆောင်ရွက်ရာ၌ ပါလီမန်သည် ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြားခြင်း၊ စာချုပ်များအတည်ပြုခြင်းတို့ ဆောင်ရွက်နိုင်သည်။ လွှတ်တော်သည် အစိုးရအဖွဲ့၊

ဝန်ကြီးဌာနများက ၎င်းတို့၏ သက်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း ရှိ မရှိနှင့် ဝန်ကြီးများ အနေဖြင့် ၎င်းတို့၏ တာဝန်များကို ကျေပွန်ခြင်း ရှိ မရှိ စောင့်ကြည့်ပြီး လွှတ်တော်တွင် မေးခွန်းများ မေးမြန်းနိုင်သည်။ လွှတ်တော်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပါသည်။

**တရားစီရင်ရေး**

၁၉။ တန်ဇန်းနီးယား တရားစီရင်ရေးတွင် တန်ဇန်းနီးယားသမ္မတနိုင်ငံ၏ အယူခံတရားရုံး၊ တန်ဇန်းနီးယားပြည်မကြီးအတွက် တရားစီရင်ပိုင်ခွင့်ရှိသော ပြည်မကြီးတရားလွှတ်တော်များနှင့် တန်ဇန်းနီးယားကျွန်းအတွက် တရားလွှတ်တော်၊ တန်ဇန်းနီးယားပြည်မကြီးအတွက် တရားစီရင်ရေးကော်မရှင်ဟူ၍ အဓိကအင်္ဂါသုံးခုပါဝင်သည်။ တန်ဇန်းနီးယားသမ္မတနိုင်ငံ၏ အယူခံတရားရုံးမှာ တန်ဇန်းနီးယားသမ္မတနိုင်ငံ၏ တရားစီရင်ရေးအာဏာကို လွှမ်းခြုံထားသော နိုင်ငံတော်တရားရုံးချုပ်ဖြစ်သည်။ တန်ဇန်းနီးယားပြည်မကြီးအတွက် တရားစီရင်ရေးကော်မရှင်တွင် တန်ဇန်းနီးယားအယူခံတရားရုံး၏ တရားသူကြီးချုပ် (ဥက္ကဋ္ဌ) ၊ တန်ဇန်းနီးယား အယူခံတရားရုံး၏ တရားသူကြီး၊ တရားလွှတ်တော် တရားသူကြီးချုပ် (The Principal Judge of the High Court) ၊ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးသည့် အဖွဲ့ဝင်နှစ်ဦးတို့ ပါဝင်သည်။

**အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ပိုင်ခွင့်**

၂၀။ တန်ဇန်းနီးယား၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး စီရင်ပိုင်ခွင့်တွင် အောက်ပါအချက်များ ပါဝင်ပါသည် –

(က) တရားရုံး၏ အဓိကလုပ်ငန်းတာဝန်မှာ ဇမ်ဇီဘာအစိုးရနှင့် တန်ဇန်းနီးယား အစိုးရတို့အကြားဖြစ်ပွားသော အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာ အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်အပေါ် အမှုကြားနာပြီး ဆုံးဖြတ်ချက်ချမှတ်ပေးရန်။

(ခ) ယခု အပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၇ နှင့်အညီ ဆုံးဖြတ်ချက်ချမှတ်ထားသော အယူခံတရားရုံးချုပ်၏ ဆုံးဖြတ်ချက် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ချမှတ်ထားသော အယူခံတရားရုံးချုပ်နှင့် တရားလွှတ်တော်တို့၏ ဆုံးဖြတ်ချက်များကို ပြောင်းလဲခြင်း သို့မဟုတ် စုံစမ်းခြင်းပြုလုပ်ရန် အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအနေဖြင့် အခွင့်အာဏာမရှိပေ။

(ဂ) ယခုအပိုဒ်နှင့်အညီ အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ချမှတ်ထား သော ဆုံးဖြတ်ချက်တိုင်းသည် နောက်ဆုံးအပြီးသတ်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အယူခံပိုင်ခွင့် မရှိပေ။

၂၁။ တန်ဇန်းနီးယား၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဖွဲ့စည်းမှုတွင် အောက်ပါ အချက်များ ပါဝင်ပါသည် –

(က) အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် ဇမ်ဇီဘာအစိုးရအဖွဲ့က အဖွဲ့ဝင် ထက်ဝက်ကို ခန့်အပ်ပြီး ကျန်ထက်ဝက်ကို တန်ဇန်းနီးယားအစိုးရအဖွဲ့က ခန့်အပ် သည်။

(ခ) အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသူ သည် အယူခံတရားရုံးချုပ်တွင် တာဝန်ထမ်းဆောင်နေသူ သို့မဟုတ် ထမ်းဆောင် ဖူးသူ၊ သို့မဟုတ် တန်ဇန်းနီးယား တရားလွှတ်တော်တွင် တရားသူကြီးအဖြစ် တာဝန် ထမ်းဆောင်နေသူ သို့မဟုတ် ထမ်းဆောင်ဖူးသူ၊ သို့မဟုတ် ဇမ်ဇီဘာ တရား လွှတ်တော်တွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူ သို့မဟုတ် ထမ်းဆောင်ဖူးသူ သို့မဟုတ် ထိုသူသည် တန်ဇန်းနီးယား သို့မဟုတ် ဇမ်ဇီဘာ ဒေသတွင် အာဏာသက်ရောက်နေသော တည်ဆဲဥပဒေနှင့်အညီ တရားသူကြီး သို့မဟုတ် ယာယီတရားသူကြီးရာထူးကို ခန့်အပ်ရန် အရည်အချင်းပြည့်ပြီး အတွေ့ အကြုံနှင့် စွမ်းဆောင်ရည်ရှိသူ ဖြစ်ရမည်။

(ဂ) ထိုသူကို အငြင်းပွားမှု တစ်ခုသာလျှင် ကြားနာခြင်းအတွက်သော်လည်းကောင်း၊ အငြင်းပွားမှု နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အငြင်းပွားမှုအတွက် ကြားနာခြင်း သော်လည်းကောင်း အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအဖွဲ့ဝင် အဖြစ် ခန့်အပ်နိုင်သည်။ ယင်းအဖွဲ့ဝင် တစ်ဦးသည် ၎င်းအား ခန့်အပ်ထားမှု သို့မဟုတ် ခန့်အပ်မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ဆုံးဖြတ်ခြင်း ကို ဆောင်ရွက်နေသည့်တိုင်အောင် သို့မဟုတ် နာမကျန်းမှု သို့မဟုတ် အခြား အကြောင်းရင်းများကြောင့် အဖွဲ့ဝင်တစ်ယောက်အဖြစ် ၎င်း၏တာဝန်များ မစွမ်းဆောင်နိုင် သည့်တိုင်အောင် အဖွဲ့ဝင်တာဝန်ကို ဆက်လက် ထမ်းဆောင်ရမည် ဖြစ်သည်။

**တရားရုံးလုပ်ထုံးလုပ်နည်း**

၂၂။ တန်ဇန်းနီးယား၏ တရားရုံး လုပ်ထုံးလုပ်နည်းများတွင် အောက်ပါအချက်များ ပါဝင်ပါသည် -

(က) အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုကြားနာရန် ပေါ်ပေါက်သည့် အခါမှသာလျှင် ရုံးထိုင်ကြားနာရမည်ဖြစ်ပြီး တင်သွင်းလာသော အငြင်းပွားမှု၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်မည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ရုံးထိုင်ကြားနာ မည့်နေရာကို သတ်မှတ်နိုင်သည်။

(ခ) အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ရုံးထိုင်မည့် ဦးရေသည် အဖွဲ့ဝင် အားလုံး တက်ရောက်ရမည်ဖြစ်ပြီး အဖွဲ့ဝင်တစ်ဦးဦး ပျက်ကွက်ခြင်း သို့မဟုတ် နေရာလစ်လပ်နေခြင်းတို့ ပေါ်ပေါက်ပါက အဆိုပါ ပျက်ကွက်မှု သို့မဟုတ် လစ်လပ်မှုအတွက် သက်ဆိုင်ရာ ဒေသက ဖြည့်စွက်ခန့်အပ်ရမည်ဖြစ်သည်။ ယင်းအပိုဒ်ခွဲအရ ယာယီခန့်အပ်ထားသော အဖွဲ့ဝင်သည် အစားထိုးခန့်အပ်မည့်အဖွဲ့ဝင်က တာဝန်ကို ပြန်လည်ထမ်းဆောင်ပြီးသည့်တိုင်အောင် သို့မဟုတ် လစ်လပ်မှုအား အစားထိုး ခန့်အပ်ပြီးသည့်တိုင်အောင် သို့မဟုတ် အငြင်းပွားမှုအား ဆုံးဖြတ်ချက်ချမှတ်ပြီး သည့်တိုင်အောင် ယင်းတို့အနက် အထက်ပါအကြောင်းအရာတစ်ခုခုက ဆောလျင် စွာ ဖြစ်ပွားပြီးသည့်တိုင်အောင် ယင်းရာထူးနေရာတွင် ဆက်လက်တာဝန်ထမ်း ဆောင်ရမည် ဖြစ်သည်။

(ဂ) အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် ကိစ္စတိုင်းကို တန်ဇန်းနီးယားဒေသမှ ခန့်အပ်ထားသည့် အဖွဲ့ဝင် ၃ ပုံ ၂ ပုံ၏ သဘောထား အမြင်နှင့် ဇမ်ဇီဘာဒေသမှ ခန့်အပ်ထားသည့် အဖွဲ့ဝင် ၃ ပုံ ၂ ပုံ၏ သဘောထားအမြင်တို့ အပေါ်အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်။

(ဃ) အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေ၊ တရားရုံးသို့ အငြင်းပွားမှုများ တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အငြင်းပွား မှုများကို ကြားနာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် တရားရုံး၏ ဆုံးဖြတ်ချက်များကို အစိုးရအဖွဲ့များထံသို့ လွှဲပြောင်းပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပါလီမန်က ဥပဒေပြု ပြဋ္ဌာန်းသတ်မှတ်နိုင်သည်။

၂၃။ ခြွင်းချက်အားဖြင့် အထက်ဖော်ပြပါ အပိုဒ်ခွဲအရ ဥပဒေပြဋ္ဌာန်းခြင်းမပြုမီ အထူးဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အငြင်းပွားမှုတစ်စုံတစ်ရာ တင်သွင်းလာပါက ယင်းအငြင်း

ပွားမှုကို ကြားနာဆုံးဖြတ်ရန်အတွက် တရားရုံးက လုပ်ထုံးလုပ်နည်းကို ၎င်းကိုယ်တိုင် ဆုံးဖြတ်အတည်ပြု၍ ကြားနာဆုံးဖြတ်ရမည် ဖြစ်သည်။ အကယ်၍ တရားရုံးအဖွဲ့ဝင်များက ယင်းလုပ်ထုံးလုပ်နည်းအပေါ် ကျေနပ်မှုမရှိပါက အစိုးရအဖွဲ့နှစ်ဖွဲ့ပူးပေါင်း၍ ဆုံးဖြတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ အငြင်းပွားမှုကို ကြားနာဆုံးဖြတ်ရမည်ဖြစ်သည်။

**နိဂုံး**

၂၄။ မြန်မာနိုင်ငံ၏ အကြီးအကဲနှင့်အစိုးရအဖွဲ့၏ အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်ကြောင်းတွေ့ရ၍ တန်ဇန်နီးယားနိုင်ငံ၏အကြီးအကဲသည်လည်း သမ္မတဖြစ်ပြီး အစိုးရအဖွဲ့အကြီးအကဲသည် ဝန်ကြီးချုပ်ဖြစ်ကြောင်း တွေ့ရပါသည်။ ဥပဒေပြုရေး၌ တန်ဇန်နီးယားနိုင်ငံတွင် အမျိုးသားလွှတ်တော်အနေဖြင့် လွှတ်တော်တစ်ရပ်တည်းရှိသော ဥပဒေပြုရေးစနစ်ကိုကျင့်သုံးပြီး မြန်မာနိုင်ငံ၏ ဥပဒေပြုရေးတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ပါဝင်သော လွှတ်တော်(၂) ရပ်ဖြင့် ဥပဒေပြုရေး စနစ်ကို ကျင့်သုံးပါသည်။ တန်ဇန်နီးယားနိုင်ငံတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့၌ သက်တမ်းအားဖြင့် တူညီကြပြီး မြန်မာနိုင်ငံ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့တွင်လည်း အလားတူ သက်တမ်းအားဖြင့် တူညီစွာပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

၂၅။ တန်ဇန်နီးယားနိုင်ငံ၏ အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၂၅ အရ တည်ထောင်ထားသော တရားရုံးတစ်ရုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၌ တရားသူကြီးများကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဖွဲ့ဝင် (၃) ဦးကျစီ စုစုပေါင်း အဖွဲ့ဝင် (၉) ဦးကို အသီးသီးရွေးချယ်ပြီး နိုင်ငံတော်သမ္မတက ခန့်အပ်ကြောင်း တွေ့ရှိရပါသည်။ တန်ဇန်နီးယားနိုင်ငံ၏ အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားသူကြီးများကို ဇမ်ဇီဘာအစိုးရအဖွဲ့က အဖွဲ့ဝင် ထက်ဝက်ကို ခန့်အပ်ပြီး ကျန်ထက်ဝက်ကို တန်ဇန်နီးယား အစိုးရအဖွဲ့က ခန့်အပ်ကြောင်း တွေ့ရှိရပါသည်။

၂၆။ မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တရားသူကြီး (၉) ဦးပါဝင်သော်လည်း တန်ဇန်နီးယားနိုင်ငံ၏ အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားသူကြီးအရေအတွက်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သီးခြားပြဋ္ဌာန်းထားခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

၂၇။ မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ဥပဒေပြုရေးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေ

များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များအကြား ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရခြင်း စသည့်စီရင်ပိုင်ခွင့်များရှိပြီး တန်ဇန်းနီးယားနိုင်ငံ၏ အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် တန်ဇန်းနီးယားသမ္မတ နိုင်ငံအစိုးရနှင့် ဇမ်ဇီဘာအစိုးရတို့အကြား ဖြစ်ပွားသည့် အငြင်းပွားမှုများမှ ပေါ်ပေါက်လာသော ကိစ္စရပ်များ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုလုပ်ငန်းရပ် တစ်ရပ်တည်းကိုသာ ဆောင်ရွက်ကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် တန်ဇန်းနီးယားနိုင်ငံ အထူးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးထက် လုပ်ပိုင်ခွင့် ပိုမိုဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း တင်ပြအပ်ပါသည်။

## ရည်ညွှန်းကိုးကားချက်များ


၁။ http://www.constituteproject.org/constitution/Tanzania_2005? Lang=en

၂။ http://www.nyulawglobal.org/globalex/tanzania.htm

၃။ http://www.tanzania.go.tz/administrationf.html

၄။ http://www.nations encyclopedia.com/Africa/Tanzania-JUDICIAL-SYSTEM.html

၅။ http://www.cpahq.org/cpahq/core/parliamentInfo.aspx?Committee = TANZANIA

၆။ http://hrlibrary.umn.edu/research/TanzaniaB.html

၇။ https://en.m.wikipedia.org/wiki/National_Assembly_(Tanzania)

၈။ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၂)